# တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရ ရွေးကောက်ပွဲများအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

စာရေးသူသည် ၄-၆-၂၀၁၄ ရက်နေ့က ကျင်းပခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၏ (၆)ကြိမ်မြောက် ဒေသန္တရ ရွေးကောက်ပွဲများကို Association of World Election Bodies (A - WEB) ၏ ဖိတ်ကြားချက်အရ နိုင်ငံတကာ လေ့လာသူ - International Observer အဖြစ် သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ The Asia Foundation မှ လေယာဉ် အသွားအပြန်စရိတ်ကို ကျခံပြီး A - WEB မှ နေထိုင်စားသောက် စရိတ်များကို ကျခံပေးခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲများမှ လေ့လာတွေ့ရှိမှုများအား မဖော်ပြမီ တောင်ကိုရီးယားနိုင်ငံအကြောင်းကို အကျဉ်းချုံး၍ မိတ်ဆက် ပေးလိုပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ

တောင်ကိုရီးယားနိုင်ငံသည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ (Republic of Korea)အဖြစ် ခေါ်တွင်ခဲ့သည်။ နိုင်ငံ၏အကျယ် အဝန်းမှာ (၁၀၀,၂၁၀)စတုရန်းကီလိုမီတာ (မြန်မာနိုင်ငံ၏ ခြောက်ပုံတစ်ပုံခန့်)ရှိပြီး လူဦးရေသည် ၂၀၁၃ ခုနှစ်က ခန့်မှန်းချက်အရ (၅၀,၂၁၉,၆၆၉) ရှိသဖြင့် လူဦးရေသိပ်သည်းခြင်း (Population Density)သည် တစ်စတုရန်း ကီလို မီတာလျှင် (၅၀၁)ဦးခန့်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၂ ခုနှစ်က ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများတွင် ပါဝင်ခဲ့ပြီး Hopeless Country - မျှော်လင့်ချက်ကင်းမဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၏ စုစုပေါင်း GDP (PPP)သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၅ ထရီလီယံရှိပြီး နိုင်ငံသား တစ်ဦးချင်း၏ GDP (PPP)သည် အမေရိကန်ဒေါ်လာ (၃၄,၇၇၇) (၂၀၁၄ ခုနှစ်ခန့်မှန်း) ရှိသည်။ စုစုပေါင်း GDP အရ ကမ္ဘာတွင် အဆင့်(၁၂)ရှိကာ တစ်ဦးချင်း GDP အရ အဆင့် (၂၆) ရှိသည်။ ရုံးချိန်မှာ နံနက် (၉)နာရီမှ ညနေ (၆)နာရီအထိ ဖြစ်ပြီး ရုံးပိတ်ရက်သည် စနေနှင့် တနင်္ဂနွေ နှစ်ရက်ဖြစ်သည်။ ၂၀၀၃ ခုနှစ် စက်တင်ဘာလမတိုင်မီက ရုံးပိတ်ရက်သည် တနင်္ဂနွေ တစ်ရက်တည်းသာဖြစ်ကြောင်း သိရှိရပါသည်။

## ဆိုးလ်မြို့တော်

ဆိုးလ်မြို့သည် တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ယင်းနိုင်ငံရှိ မြို့ကြီးများအနက် အကြီးဆုံးဖြစ်သည်။ ကမ္ဘာပေါ်ရှိ မက်ထရိုပိုလီတန် မြို့ကြီးများအနက် ဧရိယာအားဖြင့် ဒုတိယအကျယ်ဆုံး မြို့ကြီးဖြစ်ပြီး လူဦးရေပေါင်း ၂၅ ဒသမ ၆ သန်း နေထိုင်သဖြင့် ကိုရီးယားနိုင်ငံလူဦးရေ၏ထက်ဝက်ကျော် နေထိုင်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်က ထုတ်ပြန်ခဲ့သော စာရင်းအင်းများအရ ယင်းမြို့တော်သည် တိုကျို၊ နယူးယောက်နှင့် လော့စ်အိန်ဂျယ်လိစ် မြို့ကြီးများ ပြီးလျှင် စတုတ္ထစီးပွားရေးအကောင်းဆုံးမြို့ (GDP အမေရိကန်ဒေါ်လာ ၇၇၄ ဘီလီယံ) ဖြစ်သည်သာမက ၂၀၁၃ ခုနှစ်က ကမ္ဘာလှည့်ခရီးသည်ပေါင်း (၁၂)သန်းကျော် လာရောက်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းမှ သတ္တမ မြောက် ဝင်ငွေအများဆုံး ရရှိသည့် မြို့တော်လည်း ဖြစ်သည်။ ကမ္ဘာကျော် Samsung ၊ LG နှင့် Hyundai-Kia ကုမ္ပဏီကြီးများ တည်ရှိကာ Global Power City Index အရ ကမ္ဘာပေါ်တွင် ဆဌမအဆင့် ရှိပြီး Global Finicial Centres Index အရ သတ္တမအဆင့် ရှိသဖြင့် မြို့တော်သားတစ်ဦးချင်း၏ GDP (PPP) သည် အမေရိကန်ဒေါ်လာ (၃၆,၃၂၁) ရှိသည်။

## ရွေးကောက်ပွဲများ

တောင်ကိုရီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ (Presidential Election)၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ (National Assembly Election)နှင့် ဒေသန္တရရွေးကောက်ပွဲများ (Local Elections) ရှိသည်။ သမ္မတ

ရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ပြီး အကြမ်းဖျင်း လေးနှစ်တစ်ကြိမ် / ငါးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ၂၀၁၂ ခုနှစ်အထိ ကျင်းပခဲ့သည့် အကြိမ်ပေါင်း (၁၉)ကြိမ် ရှိခဲ့သည်။ (ကျင်းပခဲ့သည့် ခုနှစ်များမှာ - ၁၉၄၈၊ ၁၉၅၂၊ ၁၉၅၄၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၆၃၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၇၊ ၁၉၉၂၊ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၇ နှင့် ၂၀၁၂ ခုနှစ်များ ဖြစ်ကြသည်။) ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သော သမ္မတ ရွေးကောက်ပွဲတွင် Saenuri ပါတီမှ ပတ်ခ်ဂျုဟီး၊ Democratic United ပါတီမှ မွန်ဂျေအင်းနှင့် တစ်သီးပုဂ္ဂလလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပတ်ခ်ဂျုဟီးက ဆန္ဒမဲပေးသူပေါင်း၏ ၅၁ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ မွန်ဂျေအင်းက ၄၈ ဒသမ ၀၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။ မဲဆန္ဒရှင်ပေါင်း (၄၀,၅၀၇,၈၄၂)ဦး ရှိသည့်အနက် ဆန္ဒမဲပေးသူပေါင်း (၃၀,၇၂၁,၄၅၉)ဦး ရှိသဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၇၅ ဒသမ ၈၄ ဖြစ်သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ၁၉၄၈ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၆၀ ပြည့်နှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် ကျင်းပခဲ့သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ (၃၀၀)ရှိသည့်အနက် (၂၄၆)ဦးကို မဲဆန္ဒနယ် (၂၄၆)နယ်အတွက် နိုင်သူအကုန်ယူစနစ် - First Past The Post System (FPTP) ဖြင့် ရွေးချယ်ပြီး ကျန် (၅၄)ဦးကိုမူ အချိုးကျရွေးကောက်သည့်စနစ် - Proportional Representation System (PR) ဖြင့် ရွေးချယ်သည်။ ခရိုင်တစ်ခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခြင်းဖြစ်ရာ တစ်နိုင်ငံလုံးတွင် ခရိုင်ပေါင်း ၂၄၆ ခရိုင် ရှိသောကြောင့် မဲဆန္ဒနယ် ၂၄၆ နယ် ရှိခြင်းဖြစ်သည်။ ပါတီတစ်ခုသည် PR စနစ်ဖြင့် ဆန္ဒမဲပေးသူပေါင်း၏ (၃)ရာခိုင်နှုန်းကို ဖြစ်စေFPTP စနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ငါးဦးကိုဖြစ်စေ အနည်းဆုံး ရရှိမှသာ အမျိုးသားလွှတ်တော်တွင် ယင်း၏ပေါ်လစီများကို တင်ပြခွင့်ရှိကြောင်း သိရှိရပါသည်။

ဒေသန္တရရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။ (၅)ကြိမ်မြောက် ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် ဇွန်လ (၂)ရက်နေ့က ကျင်းပခဲ့သည်။

## ဒေသန္တရအုပ်ချုပ်ရေး

တောင်ကိုရီးယားနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ ဆိုးလ်မြို့တော်နှင့် မြို့ကြီး ငါးမြို့ကို ပြည်နယ်အဆင့်ရှိသော မြို့ကြီးများ (provincial - level cities)အဖြစ် သတ်မှတ်ခဲ့ပြီး ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်သည်။ အဆိုပါ မြို့ကြီး (Si / Metropolitan City) ငါးမြို့မှာ ပူဆန် (Pusan)၊ တေဂူ (Taegu)၊ အင်ချွန် (Inchoen)၊ တေဂျုံ (Taejon)နှင့် ကွမ်ဂ်ဂျူ(Kwangju)တို့ ဖြစ်ကြသည်။ မြို့ကြီးများကို ရပ်ကွက်များ (Gu / Wards)နှင့် စီရင်စုများ (Tong / Precintes) အဖြစ် ခွဲခြားထားသည်။ ပြည်နယ် (Do / Province / State)တစ်ခုတွင် ခရိုင်များ (Gun / Counties / District)နှင့် မြို့ကြီးများပါဝင်ပြီး လူဦးရေ (၅၀,၀၀၀) ၏အထက် ရှိသည်။ ခရိုင်တစ်ခုတွင် မြို့များ (Up / Towns)၊ မြို့နယ်များ (Myeon / Twonships)နှင့် ကျေးရွာများ (Ri / Villages) ပါဝင်ပြီး လူဦးရေ (၂၀,၀၀၀)နှင့်အထက် ရှိသည်။

ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေကို ၁၉၄၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ၁၉၆၀ ပြည့်နှစ်မတိုင်မီအထိ သက်ရောက်မှု မရှိခဲ့ကြောင်း သိရှိရပါသည်။ ယခုလက်ရှိ ဖွဲ့စည်းပုံအရ တောင်ကိုရီးယားတွင် မက်ထရိုပိုလီတန်မြို့ကြီး ရှစ်မြို့နှင့် ပြည်နယ် ကိုးခု ရှိသည်။ (အထက်ဖော်ပြပါ မြို့ကြီး ခြောက်မြို့အပြင် အာလ်စန် - Ulson နှင့် ဆေဂုံ - Segong မြို့ကြီးနှစ်မြို့ ထပ်တိုးသည်။) မြို့ကြီးများတွင် မြို့တော်ဝန် (Mayor)များနှင့် ပြည်နယ်များတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor)များကို ထားရှိသည်။

## အမျိုးသားရွေးကောက်ပွဲကော်မရှင်

တောင်ကိုရီးယားနိုင်ငံ၏ “အမျိုးသားရွေးကောက်ပွဲကော်မရှင်” - “National Election Commission” (NEC) တွင် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်ရှစ်ဦးပေါင်း ကိုးဦး ပါဝင်သည်။ သုံးဦးကို သမ္မတကလည်းကောင်း၊ နောက်သုံးဦးကို အမျိုးသားလွှတ်တော်ကလည်းကောင်း၊ ကျန်သုံးဦးကို တရားသူကြီးချုပ်(Chief Justice of the Supreme Court)ကလည်းကောင်း ခန့်အပ်ခြင်းဖြစ်သည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးက အချိန်ပြည့် တာဝန်ထမ်းဆောင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် (၆)နှစ် ဖြစ်သည်။

NEC ရုံးချုပ်ကို ဝန်ကြီးအဆင့်ရှိသည့် အထွေထွေအတွင်းရေးမှူးက ဦးဆောင်ပြီး၊ ၎င်း၏လက်အောက်တွင် Korea Civic Education Institute for Democracy အပါအဝင် ရုံးနှစ်ရုံး၊ ဗျူရိုတစ်ခုနှင့် ဌာန(၆)ခု ရှိသည်။ အဆိုပါ ရုံးချုပ်တွင်ဝန်ထမ်းပေါင်း (၃၀၀)ကျော်ရှိကြောင်း သိရှိခဲ့ရပါသည်။ NEC ၏လက်အောက်ရှိ မြို့ကြီးများနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရပ်ခြား ဆန္ဒမဲပေးရေးကော်မတီများ (Oversea Voting Committees) တွင် ဝန်ထမ်းပေါင်း (၂၀၀၀)ကျော်ရှိကြောင်း သိရှိခဲ့ရပါသည်။

NEC ၏အဓိကတာဝန်မှာ သမ္မတရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများကို သန့်ရှင်း၍တရားမျှတစွာ ကျင်းပပေးရန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်း၊ ပြည်သူများအား ဒီမိုကရေစီရေးရာများနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ရွေးကောက်ပွဲဥပဒေများ ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း စသည်များကိုလည်း ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

## နိုင်ငံတကာလေ့လာသူများ

A-WEB မှ စီစဉ်သည့် Election Visitor Program, 2014 Local Election in Korea (30 May - 5 June 2014) သို့ နိုင်ငံပေါင်း (၄၁)နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း (၅၃)ဖွဲ့မှ တာဝန်ရှိသူ (၁၂၂)ဦး လာရောက်လေ့လာခဲ့ကြပါသည်။ A-WEB တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း (၉၇)နိုင်ငံမှ ရွေးကောက်ပွဲ ကော်မရှင်များ ပါဝင်ကြသည်။ ဖော်ပြပါအစီအစဉ်သို့ တက်ရောက်မည့်သူများအား ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့က ထုတ်ပြန်ထားသော Declaration of Principles for International Election Observeration and Code of Conduct for International Election Observers စာတမ်းကို ကြိုတင်ပေးဝေထားပြီး A-WEB က ချမှတ်ထားသော ကျင့်ဝတ်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ရေးထိုး၍ ယင်းအဖွဲ့အစည်းသို့ ပြန်လည်ပေးပို့ထားရပါသည်။

## ဒေသန္တရ ရွေးကောက်ပွဲများ

(၆)ကြိမ်မြောက်ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လ (၄)ရက်နေ့က ကိုရီးယားတစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

မက်ထရိုပိုလီတန်မြို့ကြီး ရှစ်မြို့အတွက် မြို့တော်ဝန်(၈)ဦး၊ ပညာရေးမှူး (Superitendent of Education) (၈)ဦးနှင့် ပြည်နယ်ကိုးခုအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး (၉)ဦး၊ ပညာရေးမှူး (၉)ဦးကို ရွေးချယ်ခဲ့သည်။ ထို့ပြင် ဂျေဂျူး(Jeju) ကျွန်းအတွက် ပညာရေးကော်မတီဝင် (Member of Education) (၅)ဦးကိုပါ ရွေးချယ်ခဲ့သည်သာမက မြို့ကြီးများ၊ မြို့များနှင့် အစိုးရခေါင်းဆောင် - Head of Gu / Si / Gun Government (၂၂၆)ဦး ကိုလည်းရွေးချယ်ခဲ့သည်။ ထို့ပြင် မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင် (Si / Do / Council Members) - (၇၈၉)ဦးကို ရွေးချယ်ရာတွင်မူ (၇၀၅) ဦးကို FPTP စနစ်ဖြင့် လည်းကောင်း (၈၄)ဦးကို PR စနစ်ဖြင့်လည်းကောင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ (PR စနစ်တွင် Closed List ကို အသုံးပြုသည်။)

ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင် (Gu / Si / Gun Council Members) (၂,၈၉၈)ဦးကို ရွေးချယ်ခဲ့ရာတွင် (၂,၅၁၉)ဦးကို FPTP စနစ်ဖြင့် ရွေးချယ်ခဲ့ပြီး (၃၇၉)ဦးကို PR စနစ်ဖြင့် ရွေးချယ်ခဲ့သည်။ FPTP စနစ်နှင့် PR စနစ်နှစ်မျိုးကို ရောနှောအသုံးပြုရာ၌ မဲဆန္ဒနယ်တစ်ခုချင်းအတွက် အုပ်ချုပ်ရေးမှူးများရရှိရန် FPTP စနစ်ကို အသုံးပြုပြီး ကျန်ကိုယ်စားလှယ်များကိုမူPR စနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုဒေသန္တရရွေးကောက်ပွဲက ကိုယ်စားလှယ်ပေါင်း (၃,၉၅၂)ဦးကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ဆန္ဒမဲလက်မှတ်များအနေဖြင့် မြို့တော်ဝန်/ပြည်နယ်အုပ်ချုပ်ရေးမှူးများအတွက် တစ်မျိုး၊ ပညာရေးမှူးများအတွက် တစ်မျိုး၊ မြို့ကြီးများ၊ ပြည်နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအတွက် တစ်မျိုး၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်များ အတွက် FPTP နှင့် PR နှစ်မျိုး၊ ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင်များအတွက် FPTP နှင့် PR နှစ်မျိုး - ပေါင်း ခုနစ်မျိုး ရှိပါသည်။ (ဂျေဂျူးမှ ပညာရေးကော်မတီဝင်များအတွက် ဆန္ဒမဲလက်မှတ်ကို ချွင်းချက်အဖြစ်

ချန်ထား ပါသည်။) မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုရာတွင် ကွဲကွဲပြားပြား သိရှိစေနိုင်ရန်အတွက် ဖော်ပြပါ မဲလက်မှတ် ခုနစ်မျိုးကို အရောင် တစ်မျိုးစီ ခွဲခြားထားပါသည်။

တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း ၄၁ ဒသမ ၂၉ သန်းရှိပြီး မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ် ခုနစ်စောင် နှုန်းဖြင့်တွက်ပါက ဆန္ဒမဲလက်မှတ်ပေါင်း ၂၈၉ ဒသမ ၀၃ သန်း ရှိသဖြင့် ယင်းလက်မှတ်များကို တစ်ပုံတည်း ထပ်လိုက်ပါက ဧဝရတ်တောင်၏ သုံးဆခန့် မြင့်မည်ဖြစ်ကြောင်းNEC မှ ပုဂ္ဂိုလ်များက တင်စားပြောဆိုကြပါသည်။

## ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ဒေသန္တရရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည့် ကိုယ်စားလှယ်လောင်းများသည်NEC ထံ အမည်စာရင်း တင်သွင်းကြရပါသည်။ ဤသို့တင်သွင်းရာတွင် စပေါ်ငွေ (Deposit) အဖြစ် မြို့တော်ဝန်/ ပြည်နယ်မှူးတစ်ဦးလျှင် ကိုရီးယားဝမ်သန်း (၅၀)၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်တစ်ဦးလျှင် ကိုရီးယားဝမ် (၃)သန်း၊ ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင်တစ်ဦးလျှင် ကိုရီးယားဝမ် (၂)သန်းနှမြို့ကြီးများ၊ ပြည်နယ်များနှင့် ခရိုင်ခေါင်းဆောင်တစ်ဦးလျှင်ကိုရီးယားဝမ် (၁၀)သန်း အသီးသီး ပေးသွင်းကြရသည်။ (အမေရိကန် ၁ ဒေါ်လာသည် ကိုရီးယားဝမ် ၁၀၀၀ ခန့်ရှိသဖြင့် ကိုရီးယား ၁ ဝမ်သည် မြန်မာငွေ ၁ ကျပ်နှင့် မတိမ်းမယိမ်း ဖြစ်ပါသည်။)

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူနှင့် ဆန္ဒမဲပေးသူပေါင်း၏ (၁၅)ရာခိုင်နှုန်းနှင့်အထက် ရရှိသူများအား စပေါ်ငွေ အားလုံး ပြန်ပေးပြီး (၁၀)ရာခိုင်နှုန်း၏အထက် (၁၅ ရာခိုင်နှုန်း၏အောက်)ရရှိပါက စပေါ်ငွေ၏တစ်ဝက်ကို ပြန်ပေးသည်။

ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် အမည်စာရင်းတင်သွင်းရာတွင် အောက်ဖော်ပြပါ အထောက်အထား များကို ပူးတွဲတင်ပြရသည်။

(၁) မိမိနှင့် မိမိ၏ မိသားစုဝင်များ ပိုင်ဆိုင်သည့် ပစ္စည်းစာရင်းများနှင့် ပတ်သက်သည့် ကြေညာချက်
(၂) လွန်ခဲ့သည့် ငါးနှစ်မှစ၍ ဝင်ငွေခွန်နှင့် အမြတ်ခွန်များ အကြေအလည် ပေးဆောင်ပြီးကြောင်း အထောက်အထား
(၃) ပညာရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ
(၄) ကိုရီးယားဝမ် တစ်သန်းထက်ပိုသည့် ရာဇဝတ်ပြစ်ဒဏ်ကျခံမှုများရှိခဲ့ဖူးလျှင် ယင်းအတွက် အထောက်အထား
(၅) မိမိနှင့် အသက်(၁၈)နှစ် ပြည့်ပြီးသည့် မိသားစုဝင်များ၏ စစ်မှုထမ်းပြီးကြောင်း အထောက်အထား
(၆) ယခင်က ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပါက ယင်းတို့နှင့် ပတ်သက်သည့် အကြောင်းအရာများ
(၇) နိုင်ငံရေးပါတီတစ်ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက ယင်းပါတီ၏ ထောက်ခံချက်
(၈) တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဖြစ်ပါက မဲဆန္ဒရှင်များ၏ ထောက်ခံချက် (မြို့တော်ဝန် / ပြည်နယ်မှူး/ ပညာရေးမှူးများအတွက် မဲဆန္ဒရှင် (၁၀၀၀)မှ (၂၀၀၀)၊ ရပ်ကွက်များ/မြို့ကြီးများ/ပြည်နယ်အစိုးရခေါင်းဆောင် များအတွက် မဲဆန္ဒရှင် (၃၀၀)မှ (၅၀၀)၊ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်များအတွက် မဲဆန္ဒရှင် (၁၀၀)မှ (၂၀၀)၊ ရပ်ကွက်များ မြို့များနှင့် ခရိုင်ကောင်စီဝင်များအတွက် မဲဆန္ဒရှင် (၅၀)မှ (၁၀၀) ဟု သတ်မှတ်ထားသည်။

ဖော်ပြပါ အထောက်အထားများအပြင် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို NEC က ကိုယ်စားလှယ် လောင်း စာရင်းတွင် ထည့်သွင်းကြေညာပေးသည်။

ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ (CV)ကို မဲဆန္ဒရှင်များ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ကော်မရှင်က ယင်း၏ Website တွင် တင်ထားပေးရသည်။ သို့ရာတွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေး ကိုယ်တာ ကိစ္စများကို မထိခိုက်စေရေးအတွက် ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်အချိန်တွင် Website ၌ ဆက်လက်၍ တင်မထားတော့ကြောင်း သိရှိရပါသည်။

## နိုင်ငံရေးပါတီများ

ယခုရွေးကောက်ပွဲတွင် လက်ရှိအာဏာရ Saenuri ပါတီ (NFP-New Frontier Party)နှင့် New Politics Alliance for Democracy (NPAD)ပါတီ၊ Unified Progressive Party (UPP)၊ Justice ပါတီ၊ Green Party Korea ၊ Labor Party ၊ The People Party for New Politics ၊ The Grand National ပါတီ စသည့် ပါတီ

ကြီးများနှင့် ပါတီငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲရန်ပုံငွေ သုံးစွဲရာတွင်လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးရန်ပုံငွေ သုံးစွဲရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံး (Election Campaign) ရာတွင်လည်းကောင်း NEC မှ ချမှတ်ထားသော ညွှန်ကြားချက်များနှင့် ကျင့်ဝတ်များကို လိုက်နာရသည်။ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေအဖြစ် မြို့တော်ဝန်နှင့် ပြည်နယ်မှူးများအား ကိုရီးယားဝမ် ၁ ဒသမ ၄၆၆ ဘီလီယံနှင့် ခရိုင် ခေါင်းဆောင်များအား ကိုရီးယားဝမ် ၁၆၂ ဒသမ ၂၄၆ သန်းအထိသာ အများဆုံး သုံးစွဲခွင့်ပြုထားပါသည်။ သတ်မှတ်ထားသည့် ရန်ပုံငွေပမာဏထက် ကျော်လွန်သုံးစွဲသော ပါတီများအား ပြစ်ဒဏ်အဖြစ် အနည်းဆုံး ကိုရီးယားဝမ် (၃)သန်း၏အထက် ချမှတ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရုပ်မြင်သံကြားChannel အသီးသီးတွင် တစ်ပါတီလျှင် (၄)မိနစ် ကြော်ငြာခွင့်ရှိကြောင်း သိရှိရပါသည်။

မဲဆွယ်စည်းရုံးခြင်း

ဒေသန္တရရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများအား မဲဆွယ်စည်းရုံးရန် အချိန် (၁၃)ရက် ခွင့်ပြုထားပြီး ဥပဒေအရ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင် ပိတ်သည့်နေ့၏ နောက်ခြောက်ရက်မှစတင်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီ တစ်ရက်အထိ ဖြစ်သည်။ ထို့ကြောင့် ယခုပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများ အနေဖြင့် မေလ (၂၂)ရက်နေ့မှ ဇွန်လ (၃)ရက်နေ့ထိ မဲဆွယ်စည်းရုံးခွင့် ရရှိခဲ့သည်။ မဲဆွယ်စည်းရုံးရေးကာလကြာရှည်သည်နှင့်အမျှ နိုင်ငံရေးပါတီများကြားတွင် ပဋိပက္ခများ ပိုမိုဖြစ်ပွားတတ်ခြင်းကြောင့် မဲဆွယ်စည်းရုံးရေးကာလကို ယခုကဲ့သို့ (၁၃)ရက်သာ ထားရှိခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ (မဲဆွယ်စည်းရုံးကာလကို မလေးရှားနိုင်ငံတွင် ၁၅ ရက် ထားရှိပြီး နီပေါနိုင်ငံတွင် ရက်ပေါင်း ၃၀ ထားရှိပါသည်။)

မဲဆန္ဒရှင်များ

တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အသက် (၁၉)နှစ် ပြည့်သူများ ဆန္ဒမဲပေးခွင့်ရှိသည်။ အခြားနိုင်ငံများနည်းတူ စိတ်ပေါ့သွပ်သူများ၊ ထောင်ဒဏ်ကျခံနေရသူများ ဆန္ဒမဲပေးခွင့်မရှိပါ။ အသက် (၁၉)နှစ် သတ်မှတ်ရခြင်းမှာ အထက်တန်းကျောင်းကို အသက် (၁၈)နှစ် (၁၉)နှစ်ရှိမှ အောင်မြင်သောကြောင့် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ (မလေးရှားနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပသည့်နှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့၌ အသက် ၂၁ နှစ် ပြည့်သူများ ဆန္ဒမဲပေးခွင့်ရှိကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိသူများ၏ အသက်သည် ၂၁ နှစ်ဝန်းကျင်ဖြစ်ခြင်းကြောင့် စဉ်းစားချင့်ချိန်နိုင်ရန်အတွက် ဤသို့သတ်မှတ်ထားခြင်းဖြစ်ကြောင်း မှတ်သားဖူးပါသည်။)

မဲဆန္ဒရှင်စာရင်း

ကိုရီးယားနိုင်ငံသားတိုင်းသည် မွေးဖွားပြီးသည်နှင့် ၎င်းအတွက် မှတ်ပုံတင်နံပါတ် (Resident Registration Number) ရရှိထားကြသည်။ အသက် (၁၇)နှစ်ပြည့်သည့်အချိန်တွင် လက်ဗွေရာယူပြီးသည်နှင့် တစ်ပြိုင်တည်း ကွန်ပျူတာကွန်ရက်မှတစ်ဆင့် မှတ်ပုံတင်ထားခြင်းဖြစ်သည်။ ဒေသခံအစိုးရခေါင်းဆောင်က ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ဖော်ပြပါမှတ်ပုံတင်စာရင်းကို အခြေခံလျက် မဲဆန္ဒရှင်စာရင်း - Voter List ကို ပြုစုသည်။ အသက် (၁၉)နှစ် ပြည့်သူများအား မဲစာရင်းတွင်တိုးပြီး သေဆုံးသူများအား မဲစာရင်းမှ ပယ်ဖျက်ခြင်းဖြင့် မဲစာရင်းကို Update လုပ်သွားသည်။ ရွေးကောက်ပွဲကျင်းပချိန် နီးသည့်အခါတွင် မဲဆန္ဒရှင်များအား ၎င်းတို့ဆန္ဒမဲပေးရမည့် မဲရုံနေရာများကို အကြောင်းကြားပေးပြီး NEC Website တွင်လည်း ကြည့်ရှုနိုင်ရန် တင်ပေးထားကြောင်း သိရှိခဲ့ရပါသည်။

ကြိုတင်ဆန္ဒမဲပေးခြင်း

ကြိုတင်ဆန္ဒမဲပေးခြင်း (Early Voting / Advance Voting) စနစ်သစ် တစ်ခုကို တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလက ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲများတွင် စတင်စမ်းသပ်ကျင့်သုံး

ခဲ့ကြောင်း သိရှိရပါသည်။ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ငါးရက်ဟု သတ်မှတ်ထားခြင်းကြောင့် ယခုဒေသန္တရရွေးကောက်ပွဲတွင် (၃၀-၅-၂၀၁၄)နှင့် (၃၁-၅-၂၀၁၄)ရက်နေ့များကို ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နေ့ရက်များအဖြစ် ကြေညာထားပြီး နံနက် (၆)နာရီမှ ညနေ (၆)နာရီအထိ ဆန္ဒမဲပေးနိုင်သည်။ မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နေရာဒေသသို့ ရောက်ရှိနေသည်ဖြစ်စေ ကြိုတင်ဆန္ဒမဲပေးသည့် မဲရုံများတွင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိသည်။

စာရေးသူတို့အဖွဲ့သည် အင်ချွန်မြို့ရှိ ကြိုတင်ဆန္ဒမဲပေးသည့် မဲရုံတစ်ရုံတွင် ၃၁-၅-၂၀၁၄ ရက်နေ့က လေ့လာကြည့်ရှုခဲ့ကြပါသည်။ ယင်းမဲရုံထဲတွင် ဆန္ဒမဲလက်မှတ်ထုတ်ပေးသည့် နေရာနှစ်ခု ခွဲခြားထားရာ - မဲရုံတည်ရှိရာဒေသမှ မဲဆန္ဒရှင်များအတွက် တစ်နေရာနှင့် အခြားဒေသများမှ မဲဆန္ဒရှင်များအတွက် တစ်နေရာဖြစ်သည်။ ဒေသခံမဲဆန္ဒရှင်များအတွက် ဆန္ဒမဲလက်မှတ် ခုနှစ်စောင်ကို တစ်ခါတည်း ထုတ်ပေးပြီး မဲဆန္ဒရှင်က လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြုပြီး မဲပုံးတွင်းသို့ ဆန္ဒမဲလက်မှတ်အားလုံးကို ထည့်ရသည်။ အခြားဒေသမှ မဲဆန္ဒရှင်များအတွက် ၎င်းတို့နေထိုင်ရာဒေသနှင့်သက်ဆိုင်သည့် ဆန္ဒမဲလက်မှတ် ခုနှစ်စောင်ကိုBallot Printer ဖြင့် ထုတ်ပေးသည်။ (ထို Printer မှ ယခုမဲလက်မှတ် ခုနှစ်စောင်ကို ထုတ်ရာတွင် ၃၂ စက္ကန့်ခန့်ကြာကြောင်း သိရှိရပါသည်။) ဆန္ဒမဲလက်မှတ်များထည့်ရမည့် စာအိတ်ကိုလည်း လိပ်စာပါရိုက်ပြီး ယင်း Printer ကပင်တစ်ခါတည်း ထုတ်ပေးပါသည်။ မဲဆန္ဒရှင်က ဆန္ဒပြုပြီးနောက် ဆန္ဒမဲလက်မှတ်များကို စာအိတ်တွင်ထည့်ပြီး မဲရုံမှူး၏ ရှေ့မှောက်၌ပင် သေချာစွာပိတ်ကာ မဲရုံမှူးက တံဆိပ်ရိုက်နှိပ်ပေးပါသည်။ ယင်းစာအိတ်များကို သက်ဆိုင်ရာသို့ စာတိုက်မှ ပို့ကြောင်း သိရှိခဲ့ရပါသည်။

မဲဆန္ဒရှင်များအနေဖြင့် သွားရင်းလာရင်း ကြုံကြိုက်သည့်နေရာတွင် ဆန္ဒမဲပေးနိုင်ခြင်းကြောင့် သဘောကျကြကြောင်း၊ ဆိုးလ်မြို့တော်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နေရာပေါင်း (၂၅)နေရာရှိကြောင်း၊NEC ၏ ဆန္ဒမဲပေးသူများပြားလာစေရေး ရည်မှန်းချက်အောင်မြင်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးသူပေါင်း ၄ ဒသမ ၇၄ သန်းရှိရာ မဲဆန္ဒရှင်ပေါင်း ၄၁ ဒသမ ၂၉ သန်းရှိသဖြင့် ကြိုတင်ဆန္ဒမဲပေးမှု ရာခိုင်နှုန်း ၁၁ ဒသမ ၄၉ ရှိကြောင်း၊ ယခင်ကြားဖြတ်ရွေးကောက်ပွဲများက ကြိုတင်ဆန္ဒမဲပေးမှု ရာခိုင်နှုန်း ၆ ဒသမ ၉၃ နှင့် ၅ ဒသမ ၄၅ သာရှိကြောင်း၊ အံ့သြဖွယ်တစ်ခုမှာ ယခုကြိုတင်ဆန္ဒမဲပေးမှုကို အသက်အုပ်စုအလိုက် ဆန်းစစ်ရာ အသက်(၂၀)အောက် လူငယ်များက ဆန္ဒမဲပေးမှု (၁၆)ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အသက် (၃၀)နှင့် (၃၉)နှစ်ကြား မဲဆန္ဒရှင်များက မဲပေးမှု ရာခိုင်နှုန်း ၉ ဒသမ ၄၁ ဖြင့် အနည်းဆုံးဖြစ်ကြောင်း မှတ်သားရပါသည်။

ရွေးကောက်ပွဲများကျင်းပခြင်း

တောင်ကိုရီးယားနိုင်ငံ၏ ဆဋ္ဌမမြောက်ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လ (၄)ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ မဲရုံဖွင့်ချိန်မှာ နံနက် (၆)နာရီဖြစ်ပြီး၊ မဲရုံပိတ်ချိန်မှာ ညနေ (၆)နာရီဖြစ်သည်။ စာရေးသူတို့အဖွဲ့အနေဖြင့် Incheon မြို့ကြီးရှိ စန်ဒူဒန် (Sando Dang) ဒေသမှ မဲရုံတစ်ရုံ၊ ဆိုးလ်မြို့တော်မှ မဲရုံသုံးရုံနှင့် ဆန္ဒမဲများရေတွက်သည့် Counting Center တစ်ခုကို လေ့လာခဲ့ပါသည်။ စာရေးသူတို့အဖွဲ့ မဲရုံများကို လေ့လာရာ၌ အတန်ငယ်ကျဉ်းသော မဲရုံတစ်ရုံတွင် မဲရုံအတွင်း၌ မတ်တတ်ရပ်၍လေ့လာခဲ့ရပါသည်။ ကျန်မဲရုံများတွင် မဲရုံအတွင်း၌ ထိုင်ခွင့်ရရှိခဲ့ပြီး (၁၅)မိနစ်ခန့် လေ့လာခွင့်ရရှိခဲ့ပါသည်။ သို့ရာတွင် မဲရုံများအတွင်း၌ ဓာတ်ပုံရိုက်ခွင့်မပြုပါ။

မဲရုံတစ်ရုံတွင် မဲရုံမှူးတစ်ဦးနှင့် မဲရုံအမှုထမ်း (၁၀)ဦး ရှိပါသည်။ ဝန်ထမ်းများကို အုပ်စုနှစ်စု ခွဲခြားထားရာ ပထမအုပ်စုက ဆန္ဒမဲလက်မှတ် သုံးစောင်ထုတ်ပေးရာ မဲဆန္ဒရှင်က ဆန္ဒပြုပြီးနောက် ယင်းမဲလက်မှတ်များကို ပထမမဲပုံးတွင် ထည့်ရပါသည်။ ဒုတိယအုပ်စုက ကျန်ဆန္ဒမဲလက်မှတ်လေးစောင်ကို ထုတ်ပေးပြီး မဲဆန္ဒရှင်က ဆန္ဒပြုကာ ဒုတိယမဲပုံးတွင် ထည့်ရပါသည်။

မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်ပေါင်း (၃၀၀၀)မှ (၄၀၀၀)ရှိကြောင်း၊ မဲရုံများကို ကျောင်းများနှင့် အုပ်ချုပ်ရေးရုံးများတွင် ထားရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း (၁၃,၆၆၅) ရုံရှိသည့်အနက် မဲရုံပေါင်း (၁၂,၃၇၁) ရုံသည် မြေညီထပ်တွင် ရှိကြောင်း၊ မဲဆန္ဒရှင်များ အထူးသဖြင့် မသန်စွမ်းသူများအတွက် သက်တောင့်သက်သာ ရှိစေရန်ဖြစ်ကြောင်း၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများမှာ အစိုးရဝန်ထမ်းများဖြစ်ကြကြောင်း၊ ၎င်းတို့အား နေ့တွက်စရိတ် အဖြစ် တစ်ရက်လျှင်

ဝမ် (၇၀၀၀)ပေးကြောင်း သိရှိခဲ့ရပါသည်။ မဲရုံဝန်ထမ်းများက ကျွမ်းကျင်တည်ငြိမ်စွာ ဆောင်ရွက်ကြသကဲ့သို့ မဲဆန္ဒရှင်များကလည်း လျင်မြန်စွာ ဆန္ဒမဲပေးနေကြသည်ကို အားကျအတုယူဖွယ် တွေ့မြင်ခဲ့ရပါသည်။ (တောင် ကိုရီးယား တစ်နိုင်ငံလုံးတွင် မသန်စွမ်း မဲဆန္ဒရှင်ပေါင်း ၅၅,၀၀၀ ရှိကြောင်း သိရှိခဲ့ရပါသည်။)

ထို့ပြင် ညနေ (၆)နာရီ၌ မဲရုံပိတ်သည့်အခါတွင်လည်း မဲရုံဝန်ထမ်းအသီးသီးက ၎င်းတို့ ဆောင်ရွက်ရန်ရှိသည်များအား တစ်ဦးကိုတစ်ဦး ပြောကြား/ညွှန်ကြားနေရန် မလိုဘဲ ကိစ္စအဝဝကို (၁၅)မိနစ်အတွင်း လုပ်ကိုင်ပြီးစီးသည်ကို တွေ့မြင်ခဲ့ရပါသည်။

မဲရုံရှေ့တွင် လုပ်အားပေး ကျောင်းသား/ကျောင်းသူနှစ်ဦးက မဲဆန္ဒရှင်များအား ကူညီပေးရန် ရှိနေပြီး မလေးရှားရွေးကောက်ပွဲနှင့် နီပေါရွေးကောက်ပွဲများကဲ့သို့ မဲရုံများအနီးတွင် ရဲများ စောင့်ကြပ်နေကြသည်ကိုမတွေ့ရှိခဲ့ရပါ။ ညနေ(၆)နာရီ ထိုးခါနီးမှသာ ရဲနှစ်ဦးရောက်ရှိလာသည်ကို တွေ့မြင်ခဲ့ရပါသည်။

## ဆန္ဒမဲများ ရေတွက်ခြင်း

မဲရုံအသီးသီးမှ မဲပုံးများ (မဲရုံတစ်ရုံလျှင် မဲပုံးနှစ်ပုံး)ကို မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများက ပါတီကိုယ်စားလှယ်များနှင့်အတူ ရဲနှစ်ဦးလိုက်ပါ စောင့်ကြပ်ပေးသည့် မော်တော်ယာဉ်ဖြင့် ဆန္ဒမဲများ ရေတွက်မည့် "မဲရေတွက်သည့်ဌာန" - "Counting Center" သို့ သယ်ဆောင်ကြပါသည်။ (တစ်နိုင်ငံလုံးတွင် မဲရေတွက်သည့် ဌာနပေါင်း ၂၅၀ ရှိကြောင်း၊ မဲရေတွက်သူပေါင်း ၇၇,၀၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ၁၉,၀၀၀ ကို ပြည်သူလူထုထဲမှ လျှောက်လွှာခေါ်ယူပြီး ရွေးချယ်ခန့်ထားခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။)

စာရေးသူတို့ လေ့လာခဲ့သော မဲရေတွက်သည့် အားကစားရုံတွင် မဲရုံပေါင်း(၉၀)မှ မဲပုံးများ (ကြိုတင်ဆန္ဒမဲပုံးများအပါအဝင်)ကို ရေတွက်ရန်အတွက် အဖွဲ့(၁၄)ဖွဲ့ ခွဲထားပါသည်။ အဖွဲ့တစ်ဖွဲ့တွင် စားပွဲသုံးခုရှိပြီး ပထမစားပွဲမှ လုပ်အားပေးများက ဆန္ဒမဲလက်မှတ် ခုနှစ်မျိုးကို တစ်မျိုးစီခွဲခြားပြီး ဒုတိယစားပွဲမှ လုပ်အားပေးများက ဆန္ဒမဲလက်မှတ် တစ်မျိုးချင်းအလိုက် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲလက်မှတ်များကို Electronic Sorting Machine ဖြင့် ခွဲခြားပါသည်။ (ယင်းစက်သည် တစ်မိနစ်လျှင် မဲလက်မှတ်ပေါင်း ၄၂၀ ကို ခွဲခြားနိုင်ကြောင်း သိရှိရပါသည်။) ထို့နောက် တတိယစားပွဲမှ လုပ်အားပေးများက Electronic Counting Machine ဖြင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိထားသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။ နောက်ဆုံးအနေဖြင့် ဆန္ဒမဲလက်မှတ် အမျိုးအစားအလိုက် ကိုယ်စားလှယ် လောင်းတစ်ဦးချင်း ရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်စာရင်းကို စင်မြင့်တွင် ထိုင်နေသော ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံတင်ပြပါသည်။ (ဆန္ဒမဲများကို ရေတွက်ရာ၌ ကြိုတင်ဆန္ဒမဲများကို ရှေးဦးစွာ ရေတွက်ပါသည်။)

စာရေးသူတို့အဖွဲ့အား မြေညီထပ်ရှိ မဲရေတွက်သည့် နေရာ၌ ကြည့်ရှုခွင့်နှင့် ဓာတ်ပုံရိုက်ခွင့် ပေးသော်လည်း မဲပုံးများအား လုံးဝမထိရန်၊ မကိုင်တွယ်ရန် တာဝန်ရှိသူများက သုံးလေးကြိမ် သတိပေးပါသည်။ ယင်းနေရာတွင် မိနစ် (၂၀)ခန့်သာ ကြည့်ရှုခွင့်ရပြီး နောက်ပိုင်းတွင် အားကစားရုံအပေါ်ထပ်မှ ဆက်လက်ကြည့်ရှုခွင့် ရခဲ့ပါသည်။ မဲရေတွက်ခြင်းကို ကြည့်ရှုလိုသည့် ပြည်သူလူထုများအနေဖြင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံ လျှောက်ထားပြီး သတ်မှတ်ပေးထားသည့် နေရာမှ ကြည့်ရှုခွင့်ရှိကြောင်း သိရှိရပါသည်။

## ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ

ယခုကျင်းပပြီးစီးခဲ့သော ဒေသန္တရရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ၄၁,၂၉၆,၂၂၈ ရှိသည့်အနက် ဆန္ဒမဲပေးသူပေါင်း ၂၃,၄၆၄,၅၇၃ ရှိသဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၅၆ ဒသမ ၈ ဖြစ်ကြောင်း၊ ဒေသန္တရရွေးကောက်ပွဲများအနက် ဆန္ဒမဲပေးမှု ဒုတိယ အများဆုံးဖြစ်ကြောင်း၊ ပထမအကြိမ် ဒေသန္တရ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမှု ရာခိုင်နှုန်း ၆၈ ဒသမ ၄ ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း (၁၃,၆၆၅)ရုံ ရှိပြီး မဲရုံဝန်ထမ်းပေါင်း (၂၃၆,၅၆၆)ဦး ရှိကြောင်း၊ ယခုရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်စုစုပေါင်း ကိုရီးယားဝမ် ၈၈၇ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၈၆၀ ခန့်) ရှိခဲ့သဖြင့် မဲဆန္ဒရှင်တစ်ဦးအတွက် ကိုရီးယားဝမ် ၂၁,၄၉၈ ကုန်ကျခြင်းဖြစ်ကြောင်း၊ ဖော်ပြပါ ကုန်ကျစရိတ်စုစုပေါင်းတွင်

နိုင်ငံရေးပါတီများအား ထောက်ပံ့ပေးခဲ့သော ရွေးကောက်ပွဲစည်းရုံးရေးရန်ပုံငွေ ကိုရီးယားဝမ် (၉၁) ဘီလီယံ ပါဝင်ကြောင်း သိရှိရပါသည်။

ထူးခြားချက်များ

(၁) သမ္မတရွေးကောက်ပွဲတစ်ခုတွင် အမည်စာရင်းတင်သွင်းသူ တစ်ဦးသာရှိပြီး ယှဉ်ပြိုင်သူမရှိပါက ထိုသူသည်အလိုအလျောက်ရွေးချယ်ခြင်းမခံရပါ။ မဲဆန္ဒရှင်အားလုံး၏ ဆန္ဒမဲသုံးပုံတစ်ပုံထက်ပို၍ရရှိမှသာ သမ္မတအဖြစ် အသိအမှတ် ပြုသည်။

(၂) ဒေသန္တရရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီတစ်ခုကPR စနစ်ဖြင့် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းရာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း (၃၀)ရာခိုင်နှုန်း ပါဝင်စေရန် NEC က အကြံပြုထားသည်။ အမျိုးသားလွှတ်တော်တွင်မူ အမျိုးသမီးကိုယ်စားလှယ်လောင်း အနည်းဆုံး (၅၀)ရာခိုင်နှုန်း ပါရှိစေရမည်ဟု NEC က ညွှန်ကြားထားသည်။ ယခုရွေးကောက်ပွဲ၌ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင်ကိုယ်စားလှယ်လောင်းများ (PR စနစ်)တွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ ၇၀ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ပြီး ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင် ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ (၉၀)ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း အုံ့ဩဖွယ်သိရှိရပါသည်။

(၃) အမျိုးသမီးကိုယ်စားလောင်းများနှင့် မသန်စွမ်းကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရာတွင်ပေးသွင်းရသည့် စပေါ်ငွေကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသည်။ ယခုရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ဝမ် ၂ ဒသမ ၀၆၄ ဘီလီယံနှင့် မသန်စွမ်းကိုယ်စားလှယ်လောင်းများအတွက် ဝမ် ၅၂၂ ဒသမ ၆၆၅ သန်း ထောက်ပံ့ပေးခဲ့သည်။

(၄) နိုင်ငံရေးပါတီများ၏ ရန်ပုံငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ကိုရီးယားဝမ် ၁ ဒသမ ၂ သန်းအထက် လှူဒါန်းထောက်ပံ့ငွေများကိုလည်းကောင်း၊ ကိုရီးယားဝမ် (၅)သိန်းအထက် သုံးစွဲငွေများကိုလည်းကောင်း အထောက်အထားရှိစေရန် ချက်လက်မှတ်ဖြင့်ဖြစ်စေ၊Credit Card ဖြင့်ဖြစ်စေ၊ ဘဏ်ငွေစာရင်း လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ပြုလုပ်ရန် ကော်မရှင်က ညွှန်ကြားထားသည်။

(၅) ပညာရေးမှူးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့်သူများသည် ဆရာဆရာမများအဖြစ်အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ သို့မဟုတ် ပညာရေးအုပ်ချုပ်မှုဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်ရမည့်အပြင် ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်လွှာမတင်သွင်းမီ (၁၂)လအတွင်း မည်သည့်နိုင်ငံရေးပါတီဝင်မျှ မဖြစ်စေရပါ။

(၆) တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲများကို ရုံးပိတ်ရက်များတွင် ကျင်းပလေ့မရှိပါ။ ရုံးပိတ်ရက်တွင်ကျင်းပပါက မဲဆန္ဒရှင်အများစုသည် ၎င်းတို့၏ အားလပ်ရက်ကို ခံစားကြမည်ဖြစ်သဖြင့် ဆန္ဒမဲပေးမည့်သူအလွန်နည်းသွားမည် ဖြစ်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲ ကျင်းပသည့်နေ့ကို အများပြည်သူ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။

(၇) တောင်ကိုရီးယားနိုင်ငံတွင် သာသနာ့ဝန်ထမ်းများ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၈) တောင်ကိုရီးယားနိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားများအနက်Permanent Residence (PR) အဖြစ်(၃)နှစ်နေထိုင်ပြီးသူများသည် ဒေသန္တရရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ (ယခု ၂၀၁၄ ဒေသန္တရရွေးကောက်ပွဲတွင် နိုင်ငံခြားသားမဲဆန္ဒရှင်ပေါင်း ၅၀,၀၀၀ ရှိပြီး မဲဆန္ဒရှင် ၄၈,၄၀၀ လာရောက်မဲပေးကြောင်းသိရှိရပါသည်။)

(၉) တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများသည် ၎င်းယှဉ်ပြိုင်မည့်မဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ၏ ထောက်ခံချက်ရရှိရန် လိုအပ်သည်။ ထောက်ခံသူဦးရေ အချိုးအစားသည်ရွေးကောက်ပွဲအမျိုးအစားအလိုက် အပြောင်းအလဲရှိသည်။

(၁၀) ကိုယ်စားလှယ်များ (FPTP ဖြင့် ရွေးကောက်ထားသူများသာ) သေဆုံး/နှုတ်ထွက် သဖြင့် လစ်လပ်နေရာများရှိခဲ့လျှင် ကြားဖြတ်ရွေးကောက်ပွဲ (Repeat/By-Election) ပြုလုပ်ပေးသည်။ လစ်လပ်ခြင်းသည် အောက်တိုဘာလ

(၁)ရက်နေ့နှင့် မတ်လ (၃၁)ရက်နေ့အတွင်း ဖြစ်ပါက ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ၏ နောက်ဆုံး ဗုဒ္ဓဟူးနေ့တွင် ကျင်းပပေးပြီး၊ လစ်လပ်ခြင်းသည် ဧပြီလ (၁)ရက်နှင့် စက်တင်ဘာလ (၃၁)ရက်အတွင်းဖြစ်ပါက အောက်တိုဘာလ၏ နောက်ဆုံးဗုဒ္ဓဟူးနေ့တွင် ကျင်းပပေးသည်။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရရွေး ကောက်ပွဲအတွေ့အကြုံများကို မျှဝေပေးနိုင်ရန် စာရေးသူအား ဖိတ်ကြားခဲ့သော Association for World Election Bodies (A-WEB)မှ တာဝန်ရှိသူများအား လည်းကောင်း၊ အသွားအပြန်လေယာဉ်စရိတ် ကျခံပေးသော The Asia Foundation အားလည်းကောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့သော တောင်ကိုရီးယားနိုင်ငံမှ National Election Commission နှင့် A-WEB မှ တာဝန်ရှိသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ဦးဝင်းကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ဖုန်း- ၀၆၇-၄၀၄၄၀၁၊ ၀၉-၈၃၀-၄၁၃၈။